# နစ်နာသူတင်ပြချက် ပုံစံ ဖြည့်စွက်နည်း :



နစ်နာသူတင်ပြချက်ပုံစံ ကို **ပုံစံမူ နှစ်မျိုး** ဖြင့် ရရှိနိုင်ပါသည်။

- သင်၏ ကွန်ပြူတာသို့ ဒေါင်းလုပ် လုပ်ရန်မလိုအပ်ဘဲ နိုင်ငံတကာရာဇဝတ်ခုံရုံး ဝက်ဆိုဒ်ပေါ်တွင် တိုက်ရိုက်ဖြည့်စွက်နိုင်သော ထိုပုံစံ၏ **အွန်လိုင်းပုံစံမူ** - https://www.icc-cpi.int/bangladesh-myanmar

*နောက်ပုံစံမူတစ်မျိုးမှာ -*

- နိုင်ငံတကာရာဇဝတ်ခုံရုံး ဝက်ဘ်ဆိုဒ်ပေါ်မှ ဒေါင်းလုပ် လုပ်၍ ရနိုင်သော **PDF ပုံစံမူ** - https://www.icc-cpi.int/bangladesh-myanmar
  ထိုပုံစံမူကို လက်ရေးဖြင့် ဖြည့်စွက်ပြီး အောက်ပါလိပ်စာ သို့ပေးပို့နိုင်ပါသည်။
  
  the International Criminal Court
  Victims Participation and Reparations Section (VPRS)
  P.O. Box 19519, 2500 CM
  The Hague
  The Netherlands

  *သို့မဟုတ်*

  VPRS ကို အီးမေးလ်ဖြင့် VPRS.Information@icc-cpi.int သို့ပေးပို့နိုင်ပါသည်။

နစ်နာသူ တစ်ဦးတစ်ယောက်ချင်းစီ/နစ်နာသူများ အုပ်စုတစ်စုချင်းစီ သည် တင်ပြချက် ပြုလုပ်ရာတွင် မိမိ၏ အင်တာနက်ကွန်နက်ရှင်/ကွန်ပြူတာ၏စွမ်းဆောင်နိုင်မှု နှင့် လုံခြုံရေးကိစ္စများ အပေါ်မူတည်ပြီး **ပုံစံမူတစ်မျိုးထဲကိုသာ** ( အွန်လိုင်း သို့မဟုတ် PDF ) ကျေးဇူးပြု၍ ဖြည့်စွက်ပေးပါ။

**ဤပုံစံကို ဖြည့်စွက်ရာတွင် တတ်နိုင်သည့်အတိုင်းအတာအထိ အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ပေးပါ။ ထိုသို့ဖြည့်စွက်ခြင်းသည် သင်၏တင်ပြချက်ကို ဆောင်ရွက်ရန်လိုအပ်သည့် အချိန်ပမာဏကို အတော်အတန်လျှော့ချနိုင်လိမ့်မည်။ (ဘာသာပြန်ရန်အချိန်ကို ရှောင်နိုင်လိမ့်မည်ဖြစ်သောကြောင့် ဖြစ်သည်။)**

**ဤပုံစံကို ဖြည့်စွက်ရာတွင် ကျေးဇူးပြုပြီး လိုရင်းတိုရှင်းဖြည့်စွက်ပေးပြီး နေရာအကန့်အသတ်များ ရှိနေသည်ကိုလည်း သတိရှိပေးပါ။**

နစ်နာသူများ သည် တင်ပြချက်များကို အခြားပုံစံမှုများ ဖြင့်လည်း တင်သွင်းနိုင်ပါသည်။ ဥပမာ။ ။ ဗီဒီယို၊ အသံ စသည်ဖြင့်။

တင်ပြချက်များသည် မည်သို့သော ပုံစံမှုများဖြင့်ဖြစ်စေကာမူ နမူနာတင်ပြချက်ပုံစံ တွင် တောင်းဆိုထားသော အချက်အလက်များ အားလုံး တတ်နိုင်သလောက်အတိုင်းအတာအထိ ပါဝင်ရန် အရေးကြီးပါသည်။ တင်ပြချက်ကို မှတ်တမ်းတင်ရာတွင် ကျေးဇူးပြု၍ လိုရင်းတိုရှင်းပြုလုပ်ပြီး အသံဖမ်း/ဗီဒီယို မှတ်တမ်းတင်ခြင်း အချိန်ပမာဏကို တတ်နိုင်သလောက် ၁၀ မိနစ်ထက် နည်းအောင် သေချာပြုလုပ်ပေးပါ။ တင်ပြချက်ကို ပြုလုပ်နေသောသူသည် အင်္ဂလိပ်ဘာဖြင့် တတ်နိုင်သလောက်အတိုင်းအတာအထိ ပြောရပါမည်။ သို့မဟုတ် ဗီဒီယိုထဲတွင် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်/စာတန်းများ အစဉ်အလိုက် ပါဝင်ရပါမည်။ ထိုသို့ပြုလုပ်ခြင်းသည် သင်၏ အသံ/ဗီဒီယိုတင်ပြချက်ကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အချိန်ပမာဏကို အတော်အတန်လျှော့ချနိုင်လိမ့်မည်။ (ဘာသာပြန်ရန်အချိန်ကို ရှောင်နိုင်လိမ့်မည် ဖြစ်သောကြောင့် ဖြစ်သည်။)

နစ်နာသူ တစ်ဦးတစ်ယောက်ချင်းစီ/နစ်နာသူများအုပ်စု တစ်စုချင်းစီအတွက် ကျေးဇူးပြု၍ တင်ပြချက်ပုံစံကို ဖြည့်စွက်ပါ။ သို့မဟုတ် တင်ပြချက်ကို အခြားပုံစံမှုဖြင့် တင်သွင်းပါ။ တူညီသောနစ်နာသူ/နစ်နာသူများအုပ်စု သည် မလိုလားအပ်သောထပ်တူဖြစ်နေခြင်းကို ရှောင်နိုင်ရန်အတွက် တင်ပြချက်တစ်ခုတည်းကိုသာ တင်သွင်းရပါမည်။

# စာမျက်နှာ ၁

---

အစောဆုံး အောက်တိုဘာလ ၉ ရက်နေ့ ၂၀၁၆ ခုနစ်မှ စပြီး မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအဓမ္မ မောင်းထုတ်ခြင်း ခံခဲ့ရပြီး နိုင်ငံမှနှင်ထုတ်ခြင်း၊ အခြားလူမဆန်သောလုပ်ရပ်များလုပ်ဆောင်ခြင်း နှင့် ညှင်းပန်းနှိပ်စက်ခြင်းစသော ရာဇဝတ်မှုများ ကို အနည်းဆုံး တပိုင်းတစမျှ ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင်နက် ပေါ်တွင် အကျူးလွန်ခံခဲ့ရသော နစ်နာသူများ (သို့မဟုတ်) ထိုနစ်နာသူတို့အား ကိုယ်စားပြုသော ပုဂ္ဂိုလ်များ/အဖွဲ့အစည်းများ သည် ဤ နမူနာပုံစံ ကို အသုံးပြုနိုင်ပါသည်။ (နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court – ICC) တွင် အမှုလိုက်ရှေ့နေ၏ ရှေ့မဥပဒေ ပုဒ်မ ၁၅ အရ စုံစမ်းစစ်ဆေးမှုကို ခွင့်ပြုရန် လျှောက်ထားချက် ၌ ဖော်ပြထားသည့်အတိုင်း)

အစောဆုံး အောက်တိုဘာလ ၉ ရက်နေ့ ၂၀၁၆ ခုနစ်မှစပြီး မြန်မာနိုင်ငံရှိ ရိုဟင်ဂျာအရပ်သားလူထု အပေါ်ကျူးလွန်ခဲ့သော လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများသည် အမှုလိုက်ရှေ့နေ၏ ရှေ့မဥပဒေ ပုဒ်မ ၁၅ အရ စုံစမ်းစစ်ဆေးမှုကို ခွင့်ပြုရန် လျှောက်ထားချက် ဘောင်အတွင်း၌ ပါဝင်ပါသည်။

**မှတ်ချက်။ ။ ဤ ပုံစံသည် တရားစွဲဆိုစစ်ဆေးစီရင်ခြင်းများ နှင့်/သို့မဟုတ် ကျေရာကျေကြောင်း ပြန်လည်ပေးဆပ်ခြင်းများ တွင် နစ်နာသူများ ပါဝင်နိုင်ရန်အတွက် လျှောက်လွှာပုံစံ မဟုတ်ပါ။**

အကယ်၍ တရားသူကြီးများသည် စုံစမ်းစစ်ဆေးမှုစတင်ခြင်းကို ခွင့်ပြုခဲ့သည် ဆိုပါက နစ်နာသူများသည် ဖြစ်နိုင်ခြေရှိသောတရားရေးရာဆောင်ရွက်ခြင်းများတွင် ပါဝင်နိုင်ရန်အတွက် နောက်ပိုင်းအဆင့်တွင် လျှောက်ထားနိုင်မည်ဖြစ်ပြီး ၎င်းတို့၏ အမြင်များနှင့် စိုးရိမ်ပူပန်မှုများကို တင်ပြနိုင်ရန် အခွင့်အရေးလည်း ရမည်ဖြစ်သည်။ နစ်နာသူများသည် ကျေရာကျေကြောင်း ပြန်လည်ပေးဆပ်ခြင်းများ ကို ထိုတရားရေးရာဆောင်ရွက်ခြင်းများ အရ တောင်းခံနိုင်ခွင့် ရှိလာလိမ့်မည်ဖြစ်သည်။

ရောမဥပဒေပုဒ်မ ၁၅(၃)အရ နစ်နာသူများမှ တင်သွင်းသော တင်ပြချက်များသည် အမှုလိုက်ရှေ့နေမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံ အခြေအနေတွင် စုံစမ်းစစ်ဆေးမှုကို ခွင့်ပြုရန် လျှောက်ထားချက် အလုံးစုံ သို့မဟုတ် ထိုလျှောက်ထားချက်၏ အစိတ်အပိုင်းတစ်ခုခု နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုစတင်ခြင်းကို ခွင့်ပြုသင့်မည်လား ဆိုသည်ကို နိုင်ငံတကာရာဇဝတ်ခုံရုံးတရားသူကြီးများမှ ဆုံးဖြတ်ရာတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပါသည်။ အကယ်၍ နိုင်ငံတကာရာဇဝတ်ခုံရုံးတရားသူကြီးများမှ စုံစမ်းစစ်ဆေးမှုစတင်ခြင်းကို ခွင့်ပြုလိုက်မည်ဆိုပါလျှင် တရားသူကြီးများထံလျှောက်ထားချက်နှင့် အကြောင်းကြားစာ တို့တွင် ဖော်ပြထားသည့် အတိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံရှိအခြေအနေနှင့် စပ်လျဉ်းသော ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်ကို အမှုလိုက်ရှေ့နေရုံးမှ စုံစမ်းစစ်ဆေးခြင်းကို ပြုလုပ်မည်ဖြစ်ပါသည်။ စုံစမ်းစစ်ဆေးမှုများ ပြီးပြည့်စုံသွားသည့်အခါ လုံလောက်သော သက်သေကို စုဆောင်းနိုင်ခဲ့မည်ဆိုလျှင် တာဝန်အရှိဆုံးဟု ယူဆရသော ပုဂ္ဂိုလ်များအပေါ် အမှုတစ်ခု (သို့မဟုတ် အမှုများ) စွဲဆိုခြင်း ဖြစ်နိုင်ပါသည်။

ရောမဥပဒေပုဒ်မ ၁၅(၃)အရ တင်သွင်းသော တင်ပြချက်များသည် ဖြစ်နိုင်ခြေရှိသော အနာဂတ် တရားရေးရာဆောင်ရွက်ခြင်းများတွင် နစ်နာသူများပါဝင်နိုင်ခွင့်အခြေအနေကို မပေးပါ။ အကယ်၍ အနာဂတ်တွင် ထိုသို့ တရားရေးရာဆောင်ရွက်ခြင်းများ ပေါ်ပေါက်လာမည်ဆိုလျှင် ပါဝင်ရန်စိတ်ဝင်စားသော နစ်နာသူများသည် ထိုတရားရေးရာဆောင်ရွက်ခြင်းများနှင့် အကယ်၍ လိုချင်ပါက ကျေရာကျေကြောင်း ပြန်လည်ပေးဆပ်ခြင်းများအတွက်ကိုပါ **ပါဝင်နိုင်ခွင့်သီးခြားလျှောက်လွှာပုံစံ**ကို ဖြည့်စွက်ရလိမ့်မည် ဖြစ်သည်။ ထိုသူတို့သည် မိမိတို့ကိုယ်တိုင်အပေါ် ဖြစ်ပျက်ခဲ့သည်များနှင့် ပတ်သက်သည့် နောက်ထပ် တိကျသောအချက်အလက်များနှင့် အထောက်အထားစာရွက်စာတမ်း ကိုလည်း ပေးရမည်ဖြစ်သည်။

☐ **တစ်ဦးတစ်ယောက်စာ တင်ပြချက်** ☐ **အုပ်စုလိုက် တင်ပြချက်**

တစ်ဦးတစ်ယောက်စာတင်ပြချက်ကို *သူ/သူမ ကိုယ်တိုင်ခံစားခဲ့ရသည့် ထိခိုက်နစ်နာခြင်းကိုသာသီးသန့်ရည်ညွှန်းသော **တိုက်ရိုက်(သို့မဟုတ်) တစ်ဆင့်နစ်နာသူတစ်ယောက်** (သို့မဟုတ်) ***နစ်နာသူ တစ်ဦးတစ်ယောက်တည်းကိုသာ ကိုယ်စားပြုသောပုဂ္ဂိုလ်တစ်ယောက်** မှ တင်ပြနိုင်ပါသည်။

ဤ နမူနာပုံစံသည် ရောမဥပဒေပုဒ်မ ၁၅(၃) အရ နစ်နာသူများ၏ တစ်ဦးတစ်ယောက်စာ နှင့် အုပ်စုလိုက် တင်ပြချက်များ နှစ်မျိုးလုံးကို လွယ်ကူချောမွေ့ အထောက်အပံ့ဖြစ်စေရန် ပုံစံထုတ်ထားခြင်းဖြစ်ပါသည်။

**တစ်ဦးတစ်ယောက်စာတင်ပြချက်**ကို သူ/သူမ (တိုက်ရိုက် သို့မဟုတ် တစ်ဆင့်) ခံစားခဲ့ရသည့် ထိခိုက်နစ်နာခြင်းကိုသာ သီးသန့်ရည်ညွှန်းသော နစ်နာသူတစ်ယောက် (လူပုဂ္ဂိုလ်တစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခု) သို့မဟုတ် **နစ်နာသူတစ်ဦးတစ်ယောက်တည်း**ကိုသာ ကိုယ်စားပြုသော ပုဂ္ဂိုလ်တစ်ယောက်မှ တင်သွင်းနိုင်ပါသည်။

အကယ်၍ တင်ပြချက်သည် **နစ်ယောက် သို့မဟုတ် နစ်ယောက်ထက်ပိုသော နစ်နာသူများ** ကိုယ်စား တင်သွင်းခြင်းဖြစ်ပါက ထိုတင်ပြချက်ကို အုပ်စုလိုက်တင်ပြချက်ဟု ယူဆပါသည်။ အုပ်စုလိုက်တင်ပြချက်များကို နစ်နာသူအုပ်စုများကိုယ်စား ကိုယ်စားလှယ်တစ်ယောက်မှ အစပြုနိုင်ပါသည်။ (ဥပမာ။ ။ မိသားစုများ၊ ရွာတစ်ရွာလုံး၏ လူထု၊ အမျိုးသမီး အသင်းအဖွဲ့ တစ်ခု စသည်ဖြင့်)

---

၁။ နစ်နာသူ(များ) ၏ မိသားစုနာမည်(များ)........................................

နစ်နာသူ(များ) ၏ ပထမနာမည်(များ)........................................

> အကယ်၍ သင်သည် *မိမိကိုယ်တိုင်အတွက် တင်ပြချက်ပြုလုပ်သော **နစ်နာသူတစ်ယောက်**ဖြစ်လျှင်
> (သို့မဟုတ်) *နာမည်(များ)ဖော်လိုသော နစ်နာသူ သို့မဟုတ် နစ်နာသူများ အစား ဤတင်ပြချက်ကို တင်သွင်းသော **ကိုယ်စားလှယ်** ဖြစ်လျှင်
> မေးခွန်း နံပါတ် ၁ ကိုဖြည့်ပါ။

အကယ်၍ သင်သည် မိမိကိုယ်တိုင်အတွက် တင်ပြချက်ပြုလုပ်သော နစ်နာသူတစ်ယောက်ဖြစ်လျှင် သင်၏ ပထမနာမည် နှင့် မိသားစုနာမည်တို့ကို သင်၏ မည်သူဖြစ်ကြောင်းသက်သေခံ စာရွက်စာတမ်းများပေါ်တွင် ပါရှိသည့်အတိုင်း မေးခွန်းနံပါတ် ၁ တွင် ကျေးဇူးပြု၍ ဖြည့်စွက်ပေးပါ။ **ယခုမေးခွန်းနံပါတ် သို့မဟုတ် အောက်ရှိ မေးခွန်းနံပါတ် ၂၊၃၊၄ နှင့် ၅ တို့အတွက် သင်၏ မည်သူဖြစ်ကြောင်းသက်သေခံ စာရွက်စာတမ်းများ မိတ္တူကို ပေးရန် မလိုအပ်ပါ။**

ဤတင်ပြချက်ပုံစံများသည် **<u>အမည်မဖော်ပြဘဲတင်ပြ၍မရသည်ကို</u>** ကျေးဇူးပြု၍ ဂရုပြုပါ။ အကယ်၍ သင်သည် တစ်ဦးတစ်ယောက်တင်ပြချက်ပြုလုပ်သော နစ်နာသူတစ်ယောက်ဖြစ်ပြီး လုံခြုံရေးအရသော်လည်းကောင်း၊ အခြားအကြောင်းပြချက်များအရသော်လည်းကောင်း သင်၏မည်သူဖြစ်ကြောင်းသက်သေခံ အသေးစိတ်အချက်အလက်များကို မမျှဝေလိုလျှင် ၎င်း၏မည်သူဖြစ်ကြောင်းသက်သေခံ အသေးစိတ်အချက်အလက်များကို အောက်ရှိ မေးခွန်းနံပါတ် ၂ တွင် မျှဝေနိုင်သော ကိုယ်စားလှယ်တစ်ယောက်ကို သင့်အတွက်ပုံစံ ဖြည့်စွက်ပေးရန် အတွက် လိုအပ်လိမ့်မည်။ ဤသို့ပြုလုပ်မည်ဆိုလျှင် မေးခွန်းနံပါတ် ၁ ကို အလွတ်ထားနိုင်ပြီး မေးခွန်းနံပါတ်၂ ကိုသာ ဖြည့်စွက်ပေးပါ။

---

၂။ နစ်နာသူ(များ) အားကိုယ်စားပြုသူ၏ မိသားစုနာမည် ..........

နစ်နာသူ(များ) အားကိုယ်စားပြုသူ၏ ပထမနာမည် ..........

*သို့မဟုတ်* နစ်နာသူ(များ) အားကိုယ်စားပြုသော အဖွဲ့အစည်း၏ နာမည်

..........

> အကယ်၍ သင်သည် ***နစ်နာသူတစ်ယောက် သို့မဟုတ် နစ်နာသူ(များ)အုပ်စုတစ်စု ကို ကိုယ်စားပြုသော ပုဂ္ဂိုလ်တစ်ယောက်/အဖွဲ့အစည်းတစ်ခုဖြစ်လျှင်**
> (သို့မဟုတ်) *တူညီသောလုပ်ဆောင်ချက်များကြောင့် ထိခိုက်နစ်နာမှုခံစားခဲ့ရသည့် အခြားသော မိသားစုဝင်များအတွက် **ကိုယ်စားပြုနေသော နစ်နာသူတစ်ဦးတစ်ယောက် ဖြစ်လျှင်**
> မေးခွန်းနံပါတ် ၂ ကိုဖြည့်ပါ။

အကယ်၍ သင်သည် နစ်နာသူတစ်ယောက်/ နစ်နာသူတစ်ယောက် သို့မဟုတ် တစ်ယောက်ထက်ပိုသော နစ်နာသူများကို ကိုယ်စားပြုသော အဖွဲ့အစည်းတစ်ခုဖြစ်လျှင် သင်၏ ပထမ နာမည် နှင့် မိသားစု နာမည် သို့မဟုတ် နစ်နာသူ(များ)ကို ကိုယ်စားပြုသော အဖွဲ့အစည်း၏ နာမည် ကို မေးခွန်းနံပါတ် ၂ တွင် ကျေးဇူးပြု၍ ဖြည့်စွက်ပေးပါ။

**ကိုယ်စားပြုသော နစ်နာသူ(များ)၏ အမည် ကို မေးခွန်းနံပါတ် ၁ တွင် ဖြည့်စွက်ရန်မလိုအပ်သည်ကို** ကျေးဇူးပြု၍ ဂရုပြုပါ။ အကယ်၍ သင်သည် နစ်နာသူ(များ)၏ နာမည်(များ)ကို ဖြည့်စွက်လိုပါက က) အကယ်၍ သင်သည် နစ်နာသူတစ်ယောက်ကိုသာ ကိုယ်စားပြုလျှင် မေးခွန်းနံပါတ် ၁ တွင်ဖြည့်စွက်ပါ။ သို့မဟုတ် ခ) နစ်နာသူအမြောက်အများ၏နာမည်များ ပါဝင်သော သီးခြားစာရွက်ကို ပူးတွဲတင်ပြပေးပါ။ (အကယ်၍ သင်သည် အွန်လိုင်းပုံစံကို ဖြည့်စွက်နေခြင်းဖြစ်ပါက မေးခွန်းနံပါတ် ၁ ၏ အောက်ရှိ ချဲ့နိုင်သောနေရာလွတ်တွင် နာမည်အမြောက်အများကို ဖြည့်စွက်နိုင်ပါသည်။)

အကယ်၍ သင်ကိုယ်တိုင်သည် နစ်နာသူတစ်ယောက်ဖြစ်ပြီး **အခြားနစ်နာသူများ၏ ကိုယ်စားလှယ်အဖြစ်လည်း ဆောင်ရွက်နေသည်ဆိုလျှင်** (ဥပမာ။ ။သင်သည် သင်ကိုယ်တိုင်နှင့် သင်၏ ကလေးများအတွက် ယခုပုံစံ ကိုတင်သွင်းသော မိခင် သို့မဟုတ် ဖခင် ဖြစ်သည်။) **သင်၏ ပထမနာမည်နှင့် မိသားစုနာမည် တို့ကို မေးခွန်းနံပါတ် ၂ တစ်ခုတည်းတွင်သာ ကျေးဇူးပြု၍ ဖြည့်စွက်ပေးပါ။**

---

၃။ အကယ်၍ အုပ်စုလိုက်တင်ပြချက် ဖြစ်ပါက နစ်နာသူဦးရေ မည်မျှအတွက် ဤပုံစံကို တင်ပြပါသလဲ။

..........

> ကျေးဇူးပြု၍ ဤပုံစံမှ ကိုယ်စားပြုသည့် နစ်နာသူဦးရေ **အတိအကျ**ကို ဖော်ပြပါ။ အကယ်၍ ခန့်မှန်းအရေအတွက်ကိုသာ ဖော်ပြနိုင်ပါက ထိုအရေအတွက်ကိုရေးပြီး ဖြေရှင်းချက်ပေးပါ။

ကျေးဇူးပြု၍ ဤပုံစံမှ ကိုယ်စားပြုသည့် နစ်နာသူဦးရေအတိအကျကို ဖော်ပြပါ။ အကယ်၍ ခန့်မှန်းအရေအတွက်ကိုသာ ဖော်ပြနိုင်ပါက ထိုအရေအတွက်ကိုရေးပြီး ဖြေရှင်းချက်ပေးပါ။

အကယ်၍ သင်ကိုယ်တိုင်သည် နစ်နာသူတစ်ယောက်ဖြစ်ပြီး အခြားနစ်နာသူများကိုကိုယ်စားပြုနေသူ တစ်ယောက်လည်းဖြစ်လျှင် သင်ကိုယ်စားပြုသော နစ်နာသူဦးရေစုစုပေါင်းတွင် သင်ကိုယ်တိုင်ကိုပါ ထည့်တွက်ပါ။

(ဥပမာ။ ။အကယ်၍သင်သည် သင်၏ကလေးငါးယောက်နှင့်အတူ နိုင်ငံမှ နှင်ထုတ်ခံခဲ့ရသည်ဆိုလျှင် ယခုမေးခွန်းနံပါတ်တွင် ဖော်ပြထားရမည့် နစ်နာသူဦးရေမှာ ၆ ဦး ဖြစ်ရမည်။)

---

၄။ အကယ်၍ သင်သည် နစ်နာသူ(များ) ကို ကိုယ်စားပြုသောလူတစ်ဦးတစ်ယောက်/ အဖွဲ့အစည်းတစ်ခု ဖြစ်ပါက ဤပုံစံကို ဖြည့်ရန်အတွက် နစ်နာသူအားလုံး၏ သဘောတူညီချက်ဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပါသလား။

☐ ဟုတ်ပါသည်။ ☐ မဟုတ်ပါ။ အကယ်၍ မဟုတ်ပါ က ကျေးဇူးပြုပြီး ရှင်းပြပေးပါ။

........................................................................

တင်ပြချက်များကိုတင်သွင်းသည့်လုပ်ငန်းစဉ်သည် ကိုယ်တိုင်သဘောဆန္ဒအရ တင်သွင်းရသော လုပ်ငန်းစဉ်ဖြစ်ပြီး ကိုယ်စားလှယ်များသည် နစ်နာသူ(များ)၏သဘောတူညီချက်ဖြင့်သာ လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အကယ်၍သင်သည် နစ်နာသူ(များ)၏သဘောတူညီချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ပါက 'ဟုတ်ပါသည်။' ဆိုသောလေးထောင့်ကွက်တွင် ကျေးဇူးပြု၍ အမှန်ခြစ်ပါ။ အကယ်၍ 'မဟုတ်ပါ။' ဆိုသော လေးထောင့်ကွက်တွင် အမှန်ခြစ်ထားပါက နစ်နာသူ(များ)၏ သဘောတူညီချက်မရယူနိုင်ခြင်း အကြောင်းပြချက်ကို ကျေးဇူးပြု၍ ရှင်းပြပေးပါ။

# စာမျက်နှာ ၂

---

၅။ အကယ်၍ သင်သည် နစ်နာသူ(များ) ကို ကိုယ်စားပြုသောလူတစ်ဦးတစ်ယောက်/ အဖွဲ့အစည်းတစ်ခု ဖြစ်ပါက ထို နစ်နာသူ(များ) နှင့် သင်၏ ပတ်သက်မှုကို အကျဉ်းချုံး ဖော်ပြပါ။

☐ မိသားစုဝင်: ........................................

☐ လူမှုဝန်းကျင် တော်စပ်မှု: ........................................

☐ အစိုးရမဟုတ်သောအဖွဲ့အစည်း/အရပ်ဖက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်:

........................................

☐ ရှေ့နေ: ........................................

☐ အခြား : ........................................

ကျေးဇူးပြု၍ ဤတင်ပြချက်ပုံစံမှ ကိုယ်စားပြုထားသော နစ်နာသူ(များ)နှင့် သင်၏ တော်စပ်ပုံကို ဖော်ပြပါ။
*နစ်နာသူများနှင့် **ဆက်သွယ်ခဲ့ပုံ**
***သင်၏ဆက်သွယ်ရေးလမ်းကြောင်းများ** (ဥပမာ။ *ယုံကြည်ရသော လူမှုဝန်းကျင်မိတ်ဖက်ဖြစ်ပြီး နစ်နာသူများနှင့် တိုက်ရိုက်အဆက်အသွယ်ရှိသော ရှေ့နေ၊ ယုံကြည်ရသော လူမှုဝန်းကျင်မိတ်ဖက်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံ တွင် စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ*) စသော အသေးစိတ်အချက်အလက်များကိုပါ ဖော်ပြပါ။

ကျေးဇူးပြု၍ သက်ဆိုင်ရာ လေးထောင့်ကွက်တွင် အမှန်ခြစ်ပြီး ဤတင်ပြချက်ပုံစံမှ ကိုယ်စားပြုထားသော နစ်နာသူ(များ)နှင့် သင်၏ တော်စပ်ပုံကို ဖော်ပြပါ။ နစ်နာသူများကို သင်ဆက်သွယ်ခဲ့ပုံ အသေးစိတ် အချက်အလက်များ နှင့် သင်၏ဆက်သွယ်ရေးလမ်းကြောင်းများနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကိုပါ ထည့်သွင်း ဖော်ပြပေးပါ။ (ဥပမာ။ ။ယုံကြည်ရသော လူမှုဝန်းကျင်မိတ်ဖက်ဖြစ်ပြီး နစ်နာသူများနှင့် တိုက်ရိုက်အဆက်အသွယ်ရှိသော ရှေ့နေ၊ ယုံကြည်ရသော လူမှုဝန်းကျင်မိတ်ဖက်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံတွင် စီမံကိန်းများအကောင်အထည်ဖော်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည်ဖြင့်)

---

၆။ အကယ်၍ ရရှိနိုင်မည်ဆိုလျှင် ဤပုံစံကို တင်ပြသော နစ်နာသူ(များ) နှင့် ပတ်သက်သည့် အောက်ပါ အချက်အလက်များ ကို ကျေးဇူးပြု၍ ဖော်ပြပေးပါ။

* **တစ်ဦးတစ်ယောက်စာ တင်ပြချက်များ**အတွက်ဆိုလျှင် ကျေးဇူးပြု၍ **တောင်းဆိုထားသော အချက်အလက်အားလုံးကို ဖော်ပြပါ။**
* **အုပ်စုလိုက်တင်ပြချက်များ**အတွက်ဆိုလျှင် ကျေးဇူးပြု၍ **တောင်းဆိုထားသော အချက်အလက်များကို မေးခွန်းနံပါတ် ၃ တွင်ဖော်ပြထားသော နစ်နာသူအရေအတွက်အတိုင်း တတ်နိုင်သလောက် ခွဲခြမ်းစိတ်ဖြာ ဖော်ပြပါ။**

လိင်: ........................................

မွေးသက္ကရာဇ်/အသက်:

☐ ၀ - ၁၈ နှစ်အတွင်း -*ဦးရေ?* ....................

☐ ၁၈ - ၅၅ နှစ် -*ဦးရေ?* ....................

☐ ၅၅နှစ် အထက် -*ဦးရေ?* ....................

နိုင်ငံသား(များ)/လူမျိုးစု(များ): ....................

ဘာသာစကား(များ): ....................

မူလ နေထိုင်ရာလိပ်စာ: ....................

ကျေးဇူးပြု၍ **မြန်မာနိုင်ငံမှ မြို့နယ်နာမည်** ကို ဖော်ပြပေးပါ။

လက်ရှိ နေထိုင်ရာလိပ်စာ: ....................

အကယ်၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင်ဖြစ်ပါက **ဒုက္ခသည်စခန်း နံပါတ်/နာမည်** ကို ဖော်ပြပေးပါ။

**တစ်ဦးတစ်ယောက်စာတင်ပြချက်များ** အတွက်ဆိုလျှင် သင်နှင့်ပတ်သက်၍တောင်းဆိုထားသော အချက်အလက်အားလုံးကို ကျေးဇူးပြု၍ ဖော်ပြပေးပါ။

အကယ်၍ ဤတင်ပြချက်ကို **လူတစ်ဦးတစ်ယောက် သို့မဟုတ် နစ်နာသူအမြောက်အများကို ကိုယ်စားပြုနေသော အဖွဲ့အစည်း တစ်ခု** က ဖြည့်စွက်ထားလျှင် ကျေးဇူးပြု၍ တတ်နိုင်သည့်အတိုင်းအတာအထိ အောက်ပါအချက်များ ထည့်သွင်းဖော်ပြပေးပါ။

- အုပ်စုဝင်များ၏ လိင် ခွဲခြမ်းစိတ်ဖြာချက် (ဥပမာ။ ။ကျား ၅၁ ဦး၊ မ ၄၈ ဦး၊ အခြား ၃ ဦး)

- အသက်အပိုင်းအခြား တစ်ခုစီအလိုက် ခွဲခြမ်းစိတ်ဖြာချက် (ဥပမာ။ ။အသက် ၀-၁၈ နှစ်ကြား နစ်နာသူဦးရေ ၈ ဦး၊ အသက် ၁၈-၅၅ နှစ်ကြား နစ်နာသူဦးရေ ၅၁ ဦး၊ အသက် ၅၅နှစ်အထက် နစ်နာသူဦးရေ ၄၀ ဦး)
- နေ့စွဲ(များ)အတွက် ကျေးဇူးပြု၍ ဖော်ပြပါပုံစံမှုကို လိုက်နာပေးပါ။ နေ့ရက်/လ/ခုနှစ်
- နိုင်ငံသားများ/လူမျိုးစုများအလိုက် ခွဲခြမ်းစိတ်ဖြာချက် (ဥပမာ။ ။ရိုဟင်ဂျာ)
- အုပ်စုဝင်များပြောဆိုသော ဘာသာစကားများအလိုက် ခွဲခြမ်းစိတ်ဖြာချက် (ဥပမာ။ ။ရိုဟင်ဂျာ - နစ်နာသူ ၅၅ ဦး၊ ရိုဟင်ဂျာနှင့် ဗမာ - နစ်နာသူ ၄၄ ဦး)
- အုပ်စုဝင်များ၏ မူလနေရာများ(မြန်မာနိုင်ငံရှိ မြို့နယ်)အလိုက် ခွဲခြမ်းစိတ်ဖြာချက် (ဥပမာ။ ။ဘူးသီးတောင် - နစ်နာသူ ၃၃ ဦး၊ မောင်တော - နစ်နာသူ ၁၅ ဦး၊ ရသေ့တောင် - နစ်နာသူ ၅၁ ဦး)
- အုပ်စုဝင်များ၏ လက်ရှိနေထိုင်ရာလိပ်စာ(ဒုက္ခသည်စခန်း နံပါတ်/နာမည်) အလိုက် ခွဲခြမ်းစိတ်ဖြာချက် (ဥပမာ။ ။ကူတာပလောင် - နစ်နာသူ ၃၂ ဦး၊ စခန်း ၂၂ - နစ်နာသူ ၆၇ ဦး)

# စာမျက်နှာ ၃

---

၇။ နစ်နာသူ(များ) အပေါ် ဘာတွေဖြစ်ပျက်ခဲ့ပါလဲ။ မိမိခံစားခဲ့ရသော ထိခိုက်နစ်နာခြင်းများအတွက် မည်သည့် အင်အားစုများ/အုပ်စုများ ကတာဝန်ရှိသည် ဟု နစ်နာသူ(များ)က ယုံကြည်ပါသလဲ။

ကျေးဇူးပြု၍ ထိုအဖြစ်အပျက်များ **မည်ကဲ့သို့ဖြစ်ပျက်ခဲ့သည်** ကို တတ်နိုင်သလောက် အသေးစိတ် ရေးသားဖော်ပြပေးပါ။ ဥပမာ။ နိုင်ငံမှ နှင်ထုတ်ခြင်းကို မည်ကဲ့သို့ လုပ်ဆောင်ခဲ့ကြသလဲ။ (အခြား) မည်သည့်ပြစ်မှုများ ကျူးလွန်ခဲ့ကြသလဲ။

ကျေးဇူးပြု၍ နစ်နာသူ(များ)အပေါ် ကိုယ်တွေ့ဖြစ်ပျက်ခဲ့သည်များနှင့် ပတ်သက်၍ တိတိကျကျ ဖော်ပြပါ။ နစ်နာသူများခံစားခဲ့ရသည့် ကိုယ်ပိုင်အတွေ့အကြုံများ၏ အဖြစ်အပျက်အချက်များနှင့် အသေးစိတ်အချက်အလက်များ ဖော်ပြထားချက်ကို တင်ပြထားရန် အရေးကြီးပါသည်။ ထိုအဖြစ်အပျက်များအတွက် တာဝန်ရှိသည်ဟု နစ်နာသူ(များ)က ယုံကြည်ထားသော အင်အားစုများ/အုပ်စုများကိုလည်း ကျေးဇူးပြု၍ အတိအကျဖော်ပြပေးပါ။

အုပ်စုလိုက်တင်ပြချက်များအတွက်ဆိုလျှင် အုပ်စုဝင်တစ်ဦးချင်းစီ၏ ဇာတ်ကြောင်းတစ်ခုချင်းကို ဖော်ပြပေးရန် မလိုအပ်ပါ။ ကိုယ်စားပြုထားသောနစ်နာသူများအပေါ် ကျူးလွန်ခဲ့သည့် အဖြစ်အပျက်အချက်များနှင့် ရာဇဝတ်မှုများ၏ အကျဉ်းချုံးဖော်ပြထားချက်ကို တင်ပြလျှင် လုံလောက်ပါသည်။

နိုင်ငံတကာရာဇဝတ်ခုံရုံးတရားသူကြီးများသည် အမှုလိုက်ရှေ့နေမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံ အခြေအနေတွင် စုံစမ်းစစ်ဆေးမှုစတင်ရန်လျှောက်ထားချက် နှင့်အတူ ထိုစုံစမ်းစစ်ဆေးမှု၏အတိုင်းအတာကို ချင့်ချိန်ဆုံးဖြတ်သည့်အခါ တင်ပြချက်များတွင် ဖော်ပြထားသော ထိုအဖြစ်အပျက်များကို ထည့်သွင်းစဉ်းစားလိမ့်မည် ဖြစ်သည်။

အကယ်၍ နစ်နာသူ(များ)က သက်ဆိုင်ရာ အင်အားစုများ/အုပ်စုများသည် မည်သူဖြစ်သည်ကို မသိရှိပါက စွပ်စွဲခံ ရာဇဝတ်မှုကျူးလွန်သူများ ပါဝင်သည့်အဖွဲ့ကို ခွဲခြားသိမြင်နိုင်မည့် သတင်းအချက်အလက်အချို့ နှင့် နစ်နာသူ(များ)က အဘယ်ကြောင့်ထိုကဲ့သို့ယုံကြည်ရသည်ကို ဖော်ပြလျှင် လုံလောက်ပါသည်။ အကယ်၍ နစ်နာသူ(များ)က ထိုအဖြစ်အပျက်များအတွက် တာဝန်ရှိသူ မည်သူဖြစ်သည်ကို မသိရှိပါက ရာဇဝတ်မှုကျူးလွန်သူများကို မသိရှိသည့် အကြောင်းအချက်ကို အဖြေတွင် ဖော်ပြထားလျှင် လုံလောက်ပါသည်။

**ဤပုံစံကို ဖြည့်စွက်ရာတွင် ကျေးဇူးပြုပြီး လိုရင်းတိုရှင်းဖြည့်စွက်ပေးပြီး နေရာအကန့်အသတ်များ ရှိနေသည်ကိုလည်း သတိရှိပေးပါ။**

---

၈။ ထိုအဖြစ်အပျက်(များ) မည်သည့်နေရာတွင် ဖြစ်ပွားခဲ့ပါလဲ။

............................................................................................................................................

............................................................................................................................................

ကျေးဇူးပြု၍ **ထိုအဖြစ်အပျက်များဖြစ်ပွားခဲ့သော နေရာများအားလုံး**ကို ထည့်သွင်းဖော်ပြပေးပါ။

တိကျသေချာပါ။ ဖြစ်နိုင်လျှင် အဖြစ်အပျက်များဖြစ်ပွားခဲ့သည့် ရွာ သို့မဟုတ် နေရာ၏ နာမည်ကို ဖော်ပြပေးပါ။ တတ်နိုင်သလောက်အတိုင်းအတာအထိ ထိုအဖြစ်အပျက်များဖြစ်ပွားခဲ့သော နေရာများအားလုံးကို ကျေးဇူးပြု၍ ထည့်သွင်းဖော်ပြပေးပါ။ (ဥပမာ။ ။မြန်မာနိုင်ငံရှိ နေရာများ၊ နယ်စပ် ဖြတ်ကျော်သည့် နေရာ စသည်ဖြင့်)

---

၉။ ထိုအဖြစ်အပျက်(များ) မည့်သည့်အချိန်က ဖြစ်ပွားခဲ့ပါလဲ။

............................................................................................................................................

ကျေးဇူးပြု၍ **သက်ဆိုင်သော အဖြစ်အပျက်များအားလုံး၏ နေ့စွဲများ**ကို ဖော်ပြပေးပါ။ ဥပမာ။ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော ဆက်နွယ်သည့် ရာဇဝတ်မှုများ၏ နေ့စွဲ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိသော နေ့စွဲ စသဖြင့်

အကယ်၍ အဖြစ်အပျက်များ၏နေ့စွဲကို မသိရှိပါက ခန့်မှန်းနေ့စွဲကို ဖော်ပြပေးပါ။ အကယ်၍ မဖြစ်နိုင်ပါက အဖြစ်အပျက်များ၏ နေ့စွဲကို ခန့်မှန်း/ဆုံးဖြတ်ရာတွင် အထောက်အပံ့ပေးနိုင်မည့် ဆက်စပ်ရှင်းလင်းနိုင်သော သတင်းအချက်အလက်တစ်ခုခုကို ကျေးဇူးပြု၍ ဖော်ပြပေးပါ။ (ဥပမာ။ ။မိုးဦးရာသီ၏ အစ၌ စသည်ဖြင့်)

---

၁၀။ထိုအဖြစ်အပျက်(များ) ကြောင့် နစ်နာသူ(များ) သည် မည်သည့် ထိခိုက်နစ်နာခြင်းများကို ခံစားခဲ့ရပါလဲ။

မိသားစုအရင်းအချာများ ခက်ခဲဆင်းရဲမှုခံစားရခြင်း၏ ရလဒ်ဖြစ်သော၊ မေးခွန်းနံပါတ် ၇ မှ ၉ တွင် ဖော်ပြထားခဲ့သည့် အပြုအမူများ သို့မဟုတ် အဖြစ်အပျက်များ၏ ရလဒ်ဖြစ်သော နစ်နာသူ(များ)မှ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့ရသည့် ထိခိုက်ဒဏ်ရာ၊ ပျက်စီးမှု သို့မဟုတ် ခက်ခဲဆင်းရဲမှုခံစားရခြင်း တို့၏ သဘောသဘာဝ အတိအကျကို ကျေးဇူးပြု၍ ဖော်ပြပေးပါ။

နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ ရာဇဝတ်မှုများကြောင့် နစ်နာသူမှ ခံစားခဲ့ရသည့် ထိခိုက်နစ်နာခြင်းအမျိုးအစား အမျိုးမျိုးကို နိုင်ငံတကာရာဇဝတ်ခုံရုံးမှ အသိအမှတ်ပြုထားပါသည်။ ထိုရာဇဝတ်မှုများသည် လူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်အပေါ်တွင် **ကာယဒုက္ခဝေဒနာ** ကိုဖြစ်စေနိုင်သည့်အပြင် သူ(သို့မဟုတ်)သူမ ခံစားခဲ့(သို့မဟုတ်)မြင်ခဲ့ရသည့်အကြောင်းကြောင့် သူ(သို့မဟုတ်)သူမ၏စိတ်အပေါ်တွင် အကျိုးသက်ရောက်မှုရှိခဲ့သည့် **စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှု** ကိုပါဖြစ်စေနိုင်ပါသည်။

**ရုပ်ဝတ္ထု ထိခိုက်နစ်နာမှု** ကိုလည်း အသိအမှတ်ပြုနိုင်ပါသည်။ ဥပမာ။ ။ရာဇဝတ်မှုကြောင့် ပိုင်ဆိုင်မှု ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း နှင့် အခြား စီးပွားရေးဆိုင်ရာ ဆုံးရှုံးခြင်း။

**အခွင့်အလမ်းများဆုံးရှုံးခြင်း** (ဥပမာ။ ။စာသင်ကြားနိုင်ခွင့် ဆုံးရှုံးခြင်း) နှင့် လူမှုဝန်းကျင်အတွင်း **လူမှုအဆင့်အတန်း ဆုံးရှုံးခြင်း** တို့ကိုလည်း အသိအမှတ်ပြုနိုင်ပါသည်။

---

၁၁။နိုင်ငံမှနှင်ထုတ်ခြင်း၊ အခြားလူမဆန်သောလုပ်ရပ်များလုပ်ဆောင်ခြင်း နှင့် ညှင်းပန်းနှိပ်စက်ခြင်းစသော လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာ အရပ်သားများအပေါ်ကျူးလွန်ခဲ့သည်ဟုစွပ်စွဲခြင်းအပေါ် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) အမှုလိုက်ရှေ့နေမှ စုံစမ်းစစ်ဆေးမည်ကို နစ်နာသူ(များ)မှ လိုချင်ပါသလား။

# စာမျက်နှာ ၄

---

၁၂။အကယ်၍ မေးခွန်းနံပါတ် ၁၁ တွင် "လိုချင်ပါသည်" ဟုဖြေထားပါက နစ်နာသူ(များ)သည် စုံစမ်းစစ်ဆေးမှုတွင် မည်သည်တို့ ပါဝင်သင့်သည်ဟု ထင်ပါလဲ။ (*အချိန်အပိုင်းအခြား၊ နေရာ၊ ရာဇဝတ်မှုများ*)

၁၃။အကယ်၍ နစ်နာသူ(များ)က မေးခွန်းနံပါတ် ၁၁ တွင် "မလိုချင်ပါ" ဟုဖြေထားပါက နစ်နာသူ(များ)တွင် ဤစုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်ပြီး မည်သို့စိုးရိမ်ပူပန်မှုများရှိပါသလဲ။ *နစ်နာသူ(များ)၏ ထိုကဲ့သို့ စုံစမ်းစစ်ဆေးမှုကို မလိုချင်ရခြင်းအကြောင်းပြချက်များကို ကျေးဇူးပြု၍ ရှင်းပြပေးပါ။*

၁၄။နစ်နာသူ(များ) မှ တရားရုံးသို့ မျှဝေချင်သော ဖြည့်စွက်အမြင်များနှင့် စိုးရိမ်ပူပန်မှုများရှိပါသလား။

---

မေးခွန်းနံပါတ် ၁၁၊၁၂၊၁၃ နှင့် ၁၄ တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံအခြေအနေတွင် ကျူးလွန်ထားသည်ဟုဆိုသောရာဇဝတ်မှုများကို အမှုလိုက်ရှေ့နေမှ အဆိုပြုစုံစမ်းစစ်ဆေးခြင်းအပေါ် နစ်နာသူများမှထားသော သူတို့၏အမြင်များကို ဖော်ပြနိုင်မည့်အခွင့်အရေးပေးရန် ပုံစံထုတ်ထားခြင်းဖြစ်သည်။ ထိုအမြင်များသည် အမှုလိုက်ရှေ့နေမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ/မြန်မာနိုင်ငံအခြေအနေတွင် စုံစမ်းစစ်ဆေးမှုစတင်ခြင်းကို ခွင့်ပြုရန် လျှောက်ထားချက်အား ခွင့်ပြုသင့်မည်လား ဆိုသည်ကို နိုင်ငံတကာရာဇဝတ်ခုံရုံးတရားသူကြီးများမှ ဆုံးဖြတ်ရာတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပါသည်။

မေးခွန်းနံပါတ် ၁၁ တွင် 'လိုချင်ပါသည်' ဟုဖြေထားခဲ့သော နစ်နာသူ(များ) သည် မေးခွန်းနံပါတ် ၁၂ ၌ စုံစမ်းစစ်ဆေးမှုတွင် ၎င်းတို့ယုံကြည်ထားသော မည်သည့်အချိန်အပိုင်းအခြားကို ပါဝင်စုံစမ်းသင့်သည်၊ မည်သည့်နေရာများ ပါဝင်သင့်သည်၊ မည့်သည့်ရာဇဝတ်မှုများကို စုံစမ်းသင့်သည် ဟုအကြံပြုနိုင်သည့်အပြင် ဖြစ်လာနိုင်မည့် စုံစမ်းစစ်ဆေးမှုအပေါ် ၎င်းတို့၏မျှော်မှန်းချက်များကိုပါ အကြံပြုနိုင်မည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁၁ တွင် 'မလိုချင်ပါ' ဟုဖြေထားခဲ့သော နစ်နာသူ(များ)သည် ဖြစ်လာနိုင်မည့် အမှုလိုက်ရှေ့နေမှ စုံစမ်းစစ်ဆေးခြင်း နှင့်ပတ်သက်သည့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို မေးခွန်းနံပါတ် ၁၃ ၌ တင်ပြနိုင်ပြီး ၎င်းတို့ကဆက်စပ်သည်ဟုထင်သော အခြား ပြဿနာများကိုလည်း ဖော်ထုတ်တင်ပြနိုင်ပါသည်။

မေးခွန်းနံပါတ် ၁၄ တွင် နစ်နာသူ(များ)သည် ဖြစ်လာနိုင်မည့် စုံစမ်းစစ်ဆေးခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာရာဇဝတ်ခုံရုံးတရားသူကြီးများသို့ ၎င်းတို့မျှဝေချင်သည့် မည်သည့် ဖြည့်စွက်လေ့လာချက်များ/အမြင်များ ကိုမဆို ထည့်သွင်းနိုင်ပါသည်။ ဥပမာ။ ။တရားသူကြီးများထည့်သွင်းစဉ်းစားရာတွင် ဆက်စပ်လိုအပ်သည်ဟု ယူဆသော ဘေးကင်းမှုနှင့်လုံခြုံရေးဆိုင်ရာ ပြဿနာများ နှင့်/သို့မဟုတ် အခြားမည်သည့် သတင်းအချက်အလက်များ။

---

၁၅။တင်ပြချက်ကို တင်သွင်းမည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း၏ ဆက်သွယ်ရန်လိပ်စာ (*နေရပ်လိပ်စာ၊ ဖုန်းနံပါတ် နှင့် အကယ်၍ ရှိလျှင် အီးမေးလ်လိပ်စာ*)

ကျေးဇူးပြု၍ တင်ပြချက်ကိုတင်သွင်းမည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း၏ ဆက်သွယ်ရန်လိပ်စာ အသေးစိတ် အချက်အလက်များကို ဖော်ပြပေးပါ။ အမှုလိုက်ရှေ့နေ၏ လျှောက်ထားချက်အပေါ် တရားစီရင်ရေးရုံး (ချိန်ဘာ) ၏ဆုံးဖြတ်ချက်ကို တင်ပြချက်ပြုလုပ်ထားသောနစ်နာသူများအားလုံးဆီသို့ တရားစီရင်ရေးရုံး မှ အကြောင်းကြားစာ ပေးပို့မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ မှတ်ပုံတင်ရုံးခန်းမှလည်း နစ်နာသူများကို လုပ်ငန်းစဉ်ဆိုင်ရာတိုးတက်မှုများနှင့်ပတ်သက်၍ သတင်းပေးပို့နေမည်ဖြစ်သည်။

| | | |
|---|---|---|
| *နစ်နာသူ / နစ်နာသူ(များ)၏ ကိုယ်စားလှယ် ထိုးမြဲလက်မှတ်* | *နေ့စွဲ* | *နေရာ* |

ဤပုံစံတွင် လက်မှတ်ထိုးခြင်းဖြင့် နစ်နာသူများ သို့မဟုတ် နစ်နာသူများကိုကိုယ်စားပြုနေသော ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများသည် ၎င်းတို့ဖော်ပြထားသည့် သတင်းအချက်အလက်များ၏ စစ်မှန်မှုကို အတည်ပြုလိုက်ခြင်း ဖြစ်ပါသည်။ လက်မှတ်ထိုးခြင်းဖြင့် နစ်နာသူများ/နစ်နာသူများကိုကိုယ်စားပြုနေသော ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများသည် ၎င်းတို့၏ တင်ပြချက်ပြုလုပ်ရန်ရည်ရွယ်ချက်ကို အတည်ပြုလိုက်ခြင်းလည်း ဖြစ်ပါသည်။

အကယ်၍ တင်ပြချက်သည် နစ်နာသူအမြောက်အများကို ကိုယ်စားပြုနေသော ပုဂ္ဂိုလ်တယောက်/အဖွဲ့အစည်းတစ်ခုမှ ပြုလုပ်ခြင်းဖြစ်လျှင် **နစ်နာသူများ၏ကိုယ်စားလှယ် လက်မှတ်ဖြင့်လုံလောက်ပါသည်။** ကိုယ်စားပြုထားသော နစ်နာသူ(များ)၏ လက်မှတ်များကို တင်ပြပေးရန် မလိုအပ်ပါ။

**ဤတင်ပြချက်ပြီးပြည့်စုံကြောင်းမှတ်ယူနိုင်ရန်အတွက် နောက်ထပ်မည်သည့် စာရွက်စာတမ်းမျှ မလိုအပ်ပါ။ ထို့အပြင် အွန်လိုင်းပုံစံတွင် မည်သည့်စာရွက်စာတမ်းမျှ ပူးတွဲတင်၍ မရပါ။**

အကယ်၍ နစ်နာသူများကို ကိုယ်စားပြုနေသော နစ်နာသူများ/အဖွဲ့အစည်းများက စာရွက်စာတမ်းများကို တင်ပြလိုပါက တင်ပြချက်ပုံစံနှင့်အတူ အောက်ပါလိပ်စာသို့ပို့ခြင်းသည် ပို၍သင့်လျော်ပါသည်။

The International Criminal Court
Victims Participation and Reparations Section (VPRS)
P.O.  Box 19519, 2500 CM
The Hague
The Netherlands

*သို့မဟုတ်*

VPRS ကို အီးမေးလ်ဖြင့် VPRS.Information@icc-cpi.int သို့ပေးပို့နိုင်ပါသည်။

နစ်နာသူများကို ကိုယ်စားပြုနေသော နစ်နာသူများ/အဖွဲ့အစည်းများသည် **မူရင်းစာရွက်စာတမ်းများကို လုံးဝမပို့ရပါ။** စာရွက်စာတမ်း မိတ္တူများကိုသာ ပို့ရပါမည်။ နစ်နာသူများ နှင့်/သို့မဟုတ် နစ်နာသူများကို ကိုယ်စားပြုနေသော အဖွဲ့အစည်းများက တင်ပြချက်နှင့် ဆက်စပ်သည်ဟုယူဆသော မှခင်းဆေးပညာဆိုင်ရာ မှတ်တမ်းများ၊ ဆေးပညာဆိုင်ရာ မှတ်တမ်းများ၊ ရဲ သို့မဟုတ် တရားရုံး မှတ်တမ်းများ၊ ဓာတ်ပုံများ၊ ရုပ်သံရိုက်ကူးချက်များ အစရှိသော မှတ်တမ်းမှတ်ရာမိတ္တူများကို တင်ပြချက်ပုံစံဖြင့် ပူးတွဲတင်ပြနိုင်ပါသည်။ အကူအညီတစ်စုံတစ်ရာ နှင့်/သို့မဟုတ် နောက်ထပ်အချက်အလက်များအတွက် VPRS ကို VPRS.Information@icc-cpi.int ၌ ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။